**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ် ( ၂ /၂၀၂၁)**

**နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်**

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်**

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ဖ၈ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၉-၄-၂၀၂၀ ရက်နေ့စွဲပါ စာအမှတ်၊ ကက-၁/ဖ(၃၁၈/၂၀၂၀)၊ ၂-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကက-၁/ဖ(၇၂၁/၂၀၂၀) နှင့် ညွှန်ကြားချက်အမှတ် (၇/၂၀၂၀)၊(၁/၂၀၂၁) တို့ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များက ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေ လက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှု လျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ် ဆောင်ရွက်ခြင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်ရန် ဆောင်ရွက်နေဆဲဖြစ်ပြီး နယ်မြေဒေသအခြေအနေအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန် မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားခြင်းအား ချေးငွေလက်ကျန် ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လကုန်အထိ လိုက်နာဆောင်ရွက်ရန် တိုးမြှင့်သတ်မှတ်လိုက်သည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁/ ဖ ( ၆၂၇ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၂၀၊၁၂၊၂၀၂၁

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ